Australian Government
Department of Education and Training

# အခွယ်ရောက်ပြီးသော ရွှေ့ပြောင်းနေထိုင်သူ အင်္ဂလိပ်စာ အစီအစဉ်အတွက် ကိုယ်ရေး အချက်အလက်များ ကောက်ယူခြင်း

ကိုယ်ရေးအချက်အလက်များ ကောက်ယူခြင်းကို *ကိုယ်ရေးကိုယ်တာ ဥပဒေ ၁၉၈၈* အရ လုပ်ပိုင်ခွင့် ပေးအပ်ပြီး စည်းကမ်း ထိန်းသိမ်း ဆောင်ရွက်သည်။ အခွယ်ရောက်ပြီးသော ရွှေ့ပြောင်းနေထိုင်သူ အင်္ဂလိပ်စာအစီအစဉ် (AMEP) သင်တန်း ဂန်ဆောင်မှု ပေးသူများသည် ပညာရေးနှင့် သင်တန်းပေးရေးဌာန (ဌာန)အတွက် ကိုယ်ရေးအချက်အလက်များကို ကောက်ယူသည်။ ၎င်းဌာနသည် ဤအစီအစဉ်ကို စီမံကွပ်ကဲသည်။

ကောက်ယူရရှိသော အချက်အလက်များကို အောက်ပါ အဖွဲ့အစည်းများကဲ့သို့သော အေဂျင်စီများ သို့မဟုတ် အဖွဲ့အစည်းများထံသို့ ထုတ်ဖော်ပြောကြားနိုင်သည်။

- အရည်အချင်းပြည့်မီသော AMEP ဝန်ဆောင်မှုရယူသူများအား  ကလေးထိန်း ဂန်ဆောင်မှုကို ပေးနိုင်ရန်အတွက် ကလေးထိန်း ဌာနများ၊
- AMEP အလုပ်အကိုင်နှင့် သင်တန်းအတွက် အခြေချနေထိုင်မှုဆိုင်ရာ ဘာသာစကား လမ်းကြောင်း အစီအစဉ်တွင် ပါဂင်သော အလုပ်ရှင်များ
- အောက်ပါ ဌာနများအပါအဂင် သြစတြေးလျအစိုးရ ဌာနများ
    - အစိုးရ၏ ထောက်ပံ့ကြေးများနှင့် အကျိုးခံစားခွင့်များကို စီမံကွပ်ကဲရသော Centrelink
    - *jobactive* အပါအဂင် ဂန်ဆောင်မှုများကို ပေးအပ်ရန် အလုပ်အကိုင် ခန့်ထားရေးဌာန
    - စာရွက်စာတမ်း ဘာသာပြန် ဂန်ဆောင်မှုများ၊ မသန်စွမ်းသူ အလုပ်အကိုင် ခန့်ထားရေး ဂန်ဆောင်မှုနှင့် အခြေချထားရေး ဂန်ဆောင်မှု ရည်ရွယ်ချက်များအတွက် လူမှုရေးရာ ဂန်ဆောင်မှုများဌာန
    - သြစတြေးလျ နိုင်ငံသား စာမေးပွဲအတွက် အရည်အချင်း ပြည့်မီမှုကို ဆုံးဖြတ်ရန် လူဂင်မှုကြီးကြပ်ရေးနှင့် နယ်စပ်ဒေသ ကာကွယ်ရေးဌာန
- စုံစမ်းစစ်ဆေးမှုများ သို့မဟုတ် အရေးပေါ် အခြေအနေများတွင် ကူညီရန် ဗဟိုအစိုးရ၊ ပြည်နယ်နှင့် နယ်မြေ ရဲဌာနများ

# သင်၏ အခွင့်အရေးများ

အကယ်၍ ဝန်ဆောင်မှုပေးသူ သို့မဟုတ် ဌာနသည် သင်၏ အချက်အလက်များကို မှားယွင်းစွာ ကောက်ယူထားသည် သို့မဟုတ်  မှားယွင်းစွာ ကိုင်တွယ်ဆောင်ရွက်သည်ဟု သင် ယုံကြည်ပါက အောက်ပါ လိပ်စာသို့ စာရေး အကြောင်းကြားနိုင်သည်။

ကိုယ်ရေးကိုယ်တာကိစ္စများ ညှိနှိုင်းဆောင်ရွက်ရေးမှူး(Privacy Coordinator)

ပညာရေး နှင့် လေ့ကျင့်သင်ကြားရေးဌာန (Department of Education and Training)
PO Box 9880
CANBERRA ACT 2601

သို့မဟုတ်  privacy@education.gov.au ကို အီးမေးလ်  ပို့ပါ။
သင့်တိုင်ကြားချက်ကို စုံစမ်းစစ်ဆေးပြီး ရလဒ်အား သင့်ကို အသိပေးပါမည်။